http://www.dhammadownload.com

မကောင်းမှုကိုရှောင် ကောင်းမှုကိုဆောင် ဖြူအောင်စိတ်ကိုထား အဲဒါ ဗုဒ္ဓဘုရားရှင်ရဲ့ဆုံးမစကား

ပန်းချီ ဂျော်နီ စီစဉ်ရေးဆွဲသည့်

ရွှေမောင်း

ဓမ္မ ရသ သုတ ရှာမ်စုံ

ဆေးရောင်စုံရုပ်ပြ

ShweMoung Colourful Mini Comic

ပိစိကျွေး နှင့် ဘုတ်အိမ ပါဝင်သော ညီကာသ--ဟု သည်

မိဘတွေက သားသမီးတွေကို "အမွေ" ပေးတယ်ဆိုတာ ကိုယ်က "ရှင်ဘုရင်" ဖြစ်လျှင် "ဘုရင်" စည်းစိမ်၊ ကိုယ်က "သူဌေးသူကြွယ်" ဖြစ်နေလျှင် "သူဌေးသူကြွယ်" ဖြစ်ရုံတစ်ဘဝ ကိုသာပေးနိုင်ကြတယ်။ "ဗုဒ္ဓအမွေ" ကတော့ တစ်သံသရာလုံးကောင်းဖို့ ညွှန်ပေးနိုင်ခဲ့တယ်။

ဆရာတော် အရှင်ဇနကာဘိဝံသ



ဗုဒ္ဓဘာသာဝင် တို့ ငယ်စဉ်ကပင် ရွတ်ဆိုခဲ့ကြသော "ညီကာသ" ကန်တော့ခြင်းကို အဓိပ္ပါယ်အလုံးစုံ သိရှိ ကြစေရန်အတွက် သရုပ်ဖော်ရေးဆွဲထားပါသည်။

ဗုဒ္ဓဘာသာဝင် မိဘတို့ဦး သားသမီး တို့ကို "အမွေ" ကောင်းကောင်းပေးချင်ရင်

"ရွှေမောင်း" ဝယ်ပေးလိုက်ပါ

http://www.dhammadownload.com

နေ့ရောသီကျောင်းပိတ်ရက်ဖြစ်သောကြောင့်

"ပိစိကွေး"နှင့်"ဘုတ်အိမ"တို့မောင်နှမ နှစ်ယောက် စောစောမထဘဲ အိပ်ကောင်းနေကြစဉ်--

ဩနောက်---ဝန်က်---ကာယက်---ဩကာသ---ဩကာသ---

အိမ်ရှေ့ခံမှ"အဘွားမုံ"၏ ကျယ်ကျယ် လောင်လောင် ဘုရားရှိခိုးသံကြောင့် --

ဩကာသ---ဩကာသ---ကာယက်---ဝန်က်---ဩနောက်---

သမ္မဒေါသ---စစ်သိမ်းသောအပြစ်တို့ကို---

ဝါး--- အဘွားမုံတို့ကတော့ လုပ်ချလိုက်ပြန်ပြီ


"ပိစိကွေး"အိပ်ရာမှလန့်နိုးလာရလေပြီ။ "ဘုတ်အိမ"ကတော့ လှုပ်ပင်မလှုပ်။

"ပိစိကွေး"က စိတ်တိုတိုနှင့် နားနှစ်ဖက်ကို ခေါင်းအုံးဖြင့်ပိတ်ကာ ဆက်အိပ်ဖို့ကြိုးစား၏။

ပထမ---ဒုတိယ---တတိယ---စတုတ္ထ---ပဉ္စမ---ဆဋ္ဌ---သတ္တမ---

သို့သော်-- "အဘွားမုံ"၏ ဘုရားရှိခိုးသံကိုကြားနေရဆဲ။

http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com


ကန်တော့ရန်။

သြကာသ သြကာသ သြကာသ၊ ကာယကံ ဝစီကံ မနောကံ၊ သဗ္ဗဒေါသ၊ ခပ်သိမ်းသောအပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ၊ ပထမ ဒုတိယ တတိယ၊ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင်၊ ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုးချီ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏၊ အရှင်ဘုရား။


ဆုတောင်းရန်။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရား ငါးပါး တို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မင်္ဂလာ ဖိုလ်တရား နိဗ္ဗာန် တရားတော်မြတ်ကို ရပါလို၏၊ အရှင်ဘုရား။

မှတ်ချက်။ ။
ဤ"သြကာသ"ဆိုရိုးကို ပုဂံခေတ်က "ရှင်အရဟံ" ကိုယ်တိုင်ရေးသားချီးမြှင့်အပ်သော ဆိုရိုးဖြစ်ကြောင်း မှတ်သားစေလိုပါသည်။
နိဂင်ံတော်သံဃာ့မဟာနာယကအဖွဲ့မှ တစ်ပြည်လုံးအတွက် တစ်ညီတစ်ညာတည်းရွတ်ဆိုနိုင်ဖို့ "စံ"ပြုထားသည့်ဆိုရိုးဖြစ်ပါသည်။



http://www.dhammadownload.com



http://www.dhammadownload.com




http://www.dhammadownload.com



"အရိုအသေ" ဆိုတဲ့အဓိပ္ပါယ်က
မခန့်လေးစားမပြုဘဲ--ဝပ်တွား--ကျိုးနွံတဲ့
အဓိပ္ပါယ်ပဲပေါ့--ပါးစပ်(နှုတ်)က "ရိုသေ" နေရုံနဲ့
မရဘူး--စိတ်ထဲကလည်း--တကယ်ရိုသေနေ
ရမယ်--နော်--မကောင်းတတ်လို့--သူများ
ခိုင်းလို့--ဝတ်ကျေတန်းကျေ ရိုသေတာမျိုး
မဖြစ်စေနဲ့--ကိုယ်အမှုအရာကလည်း
ဦးညွှတ်မှုရှိရမယ်--ဒါမှ "အရိုအသေ"
ဆိုတဲ့သဘော--မှန်တာ--

"အလေးအမြတ်" ဆိုတာ
ကလည်း "လေးစားခြင်း၊ မြတ်နိုးခြင်း" ဆိုတဲ့
အဓိပ္ပါယ် မဟုတ်လား--ခုနတုန်းကပြောသလိုပဲ
စိတ်ထဲကပါ--တကယ်လေးစားမှု၊
မြတ်နိုးမှုရှိရမယ်--

တင်ပါ့--ဘုရား



"လက်အုပ်မိုး၍" ဆိုတာကလည်း
မြန်မာလိုရှင်းရှင်းလေးပဲ--လက်ဝါးနှစ်ဘက်ကို
အုပ်ပြီးတော့--နဖူးပြင်ထက်အထိ မြှောက်ပြီး
မိုးထားတာကိုပြောတာ--



အရိုအသေပြု ရှိခိုးတဲ့အခါ
အဲဒီလို--လက်အုပ်ချီပြီး နဖူးပြင်အထက်ထိ
မြှောက်ပြီး ရှိခိုးခြင်းဟာ--အမြင့်ဆုံးအရိုအသေ
ပြုတဲ့--အမှုအရာပဲ--

လက်အုပ်တော့ချီထားပါရဲ့--
မေးစေ့--နေရာလောက်--ဒါမှမဟုတ်
ရင်ညွှန့်နေရာလောက်ထိသာ--လက်ကို
မြှောက်ထားမယ်ဆိုရင်--ရိုသေမှု အမှုအရာ
အားဖြင့်--သိပ်ပြီး လေးလေးစားစား
မရှိသေးဘူး-လို့--ပြောရမယ်--




နောက်တစ်ခုက--
ဘာတဲ့

"ရှိခိုး---ပူဇော်" ပါ
ဘုရား


ဟုတ်ပြီ--"ရှိခိုး" တာကို
အရင်ရှင်းပြမယ်--ရှိခိုးတဲ့နေရာမှာလည်း
"ကိုယ်" အမှုအရာနဲ့ရှိခိုးခြင်း၊ "စိတ်" ထဲကအမှန်တကယ်
ရိုသေလေးစားမြတ်နိုးပြီး ရှိခိုးကြရမယ်

ကိုယ်အမှုအရာနဲ့ ရှိခိုးကြတဲ့အခါ
"ထိခြင်း" ၅ပါးနဲ့ ရှိခိုးရမယ်--ဘာတွေဘယ်လို
ထိတာလဲဆိုတော့--

http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com

နောက်တစ်နေ့တွင်--

ကဲ---ဆုတောင်းတာကို--စကြစို့
ကန်တော့ရသောအကျိုးအားကြောင့်--
"အပါယ်လေးပါး"----တဲ့

"အပါယ်" ဆိုတာဘာလဲဆိုတော့
ပါဠိဘာသာနဲ့ "အပါယ" လို့ရေးကြတယ်
"အပ" နဲ့ "အယ" ကိုပေါင်းထားတာ--

အပါယ်
လေးပါး

"အပ" ဆိုတာ--မရှိတာ--ကင်းတာ
"အယ" ဆိုတာ--ချမ်းသာတာ--
ငွေကြေးချမ်းသာတာကိုဆိုလိုတာ
မဟုတ်ဘူး--စိတ်ချမ်းသာ--ကိုယ်ချမ်းသာ
နေထိုင်ရတာကို "အယ" လို့ပြောတာ

အပါယ် = အပ + အယ

ဒီတော့--"အပါယ" ဆိုတဲ့
"အပါယ်" ဆိုတာ စိတ်ချမ်းသာ
ကိုယ်ချမ်းသာ--လုံးဝမရှိတဲ့နေရာပေါ့--
အဲဒီလို--"အပါယ်" နေရာ
လေးခုရှိတယ်--

"အပါယ်လေးဘုံ" လို့လည်း
ပြောကြတယ်--"သြကာသ" ထဲမှာတော့
"အပါယ်လေးပါး" လို့--သုံးထား
တာတွေ့ရမယ်--

"အပါယ်လေးဘုံ" ဆိုတာ
ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်
ဆိုတဲ့ ဘုံဘဝတွေ--ပေါ့--

"ငရဲ" ဘုံကို--ရောက်နေတဲ့
ငရဲသားတွေဟာ--တစ်စက္ကန့်လေးတောင်မှ--
ကောင်းကောင်းမွန်မွန်--နေခွင့်မရဘဲ ငရဲထိန်း
တွေရဲ့--ညှဉ်းပန်းနှိပ်စက်မှုတွေကို
အဆက်မပြတ်ခံစားနေကြရသတဲ့

မကောင်းမှုတွေကို
ကျူးလွန်ကြသူတွေဟာ--လူဘဝက
သေတဲ့အခါ--အဲဒီ "ငရဲ" ဘုံကို ရောက်သွားပြီး--
ကိုယ်ပြုခဲ့တဲ့ မကောင်းမှု နဲ့ ထိုက်တဲ့
ပြစ်ဒဏ်တွေကို ခံကြရတာ

"ငရဲ" မှာလည်း
အပြစ်ကြီး၊အပြစ်ငယ်ကိုလိုက်ပြီး
ပြစ်ဒဏ်ပေးတာခြင်းမတူတဲ့--နေရာ
ရှစ်ခုရှိတယ်--ဒါကို "ငရဲကြီး--ရှစ်ထပ်"
လို့--ခေါ်ကြတယ်---


အဲဒီ--ငရဲကြီးရှစ်ထပ်ရဲ့
အကြောင်းကိုတော့--နောက်မှပဲ
သေသေချာချာရှင်းပြမယ်--နော်--ခုတော့
"သြကာသ" ကိုပဲ--ပြီးအောင်
ရှင်းပြတာပေါ့--

http://www.dhammadownload.com






http://www.dhammadownload.com



http://www.dhammadownload.com









အဲဒီလို "ရပ်ပြစ်"
ရှစ်နေရာရှိတယ်
ဘာတွေလဲဆိုတော့--

၁။ ငရဲ
၂။ တိရစ္ဆာန်
၃။ ပြိတ္တာ
၄။ လူနှစ်စွာအသက်ရှည်တဲ့
အရှုပဖြဟ္မာ နဲ့ အသညသတ်ဖြဟ္မာ။
၅။ ပစ္စန္တရစ်အရပ်
၆။ မိစ္ဆာဒိဋ္ဌိ
၇။ ဒုပ္ပညာ
၈။ သာသနာပကာလ



http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com

"မင်း" ဆိုတာက တိုင်းပြည်ကို အုပ်ချုပ်တဲ့--မင်းဆိုး၊ မင်းညစ် တွေကို ဆိုလိုတာ--"မင်းဆိုး မင်းညစ်" တွေကြောင့်--တိုင်းသူပြည်သားတွေ ဒုက္ခမျိုးစုံကြုံကြရတယ်

ဒါကြောင့်--"မင်းဆိုး မင်းညစ်" ကို ရန်သူ အဖြစ် သတ်မှတ် ခဲ့ကြတာပေါ့--

"ခိုးသူ" ဆိုတာ သူခိုး၊ ဓားပြ၊စတဲ့ အခြောင်သမား တွေကို ဆိုလိုတာ--

"အမွေခံဆိုး" ဆိုတဲ့ သားဆိုး သမီးဆိုးတွေဟာ--မိဘကို ကောင်းကျိုးမပြုကြဘူးမဟုတ်လား--မူးယစ်ဆေးစွဲနေတဲ့ သားဆိုး သမီးဆိုးကြောင့် ဒုက္ခတွေ့ရတဲ့ မိဘတွေအကြောင်း ကြားဖူး ကြမှာပေါ့--

ဒါကြောင့်--"ရန်သူမျိုးငါးပါး" ရဲ့ဘေးရန်ကနေလည်း လွတ်ရပါစေလို့ "ဩကာသ" ဆုတောင်းပုဒ်မှာ ထည့်သွင်းထားတာပဲ--နော်

နောက်ထပ်တစ်ခုက "ဝိပတ္တိတရား လေးပါး" တဲ့-- "ဝိပတ္တိ" ဆိုတာ မြန်မာလို-- "ဖောက်ပြန် ချွတ်ယွင်းခြင်း" လို့ အဓိပ္ပါယ် ရတယ်--

၁။ ဂတိဝိပတ္တိ
၂။ ဥပဓိဝိပတ္တိ
၃။ ကာလဝိပတ္တိ
၄။ ပယောဂဝိပတ္တိ
ဆိုပြီး ဝိပတ္တိ(၄)မျိုး ရှိတယ်။

ဝိပတ္တိတရား(၄)ပါး
၁။ ဂတိဝိပတ္တိ

"ဂတိဝိပတ္တိ" ဆိုတာ "လားရာဂတိဖောက်ပြန်ခြင်း" ကိုပြောတာ-- လူတွေသေလွန်တဲ့အခါ--ကောင်းရာသုဂတိဘုံကို မရောက်ဘဲ လူဘဝထက်နိမ့်ကျတဲ့ "အပါယ်" ဆိုတဲ့ ဒုက္ခတိဘုံတွေကို ကျရောက် တဲ့အခါ "ဂတိဝိပတ္တိ" လို့ ပြောကြရမယ်--

http://www.dhammadownload.com

ဥပမာပြောရင်--နားလေးနေမယ်
မျက်စိကန်းနေမယ်--ခြေလက်အင်္ဂါ
ချွတ်ယွင်းနေမယ်ဆိုရင်--အဲဒါ
"ဥပဓိဝိပတ္တိ"ပဲ--နော်

"ဥပဓိ ဝိပတ္တိ" ဆိုတာက
"ဥပဓိရုပ်ဖောက်ပြန်ခြင်း" လို့ အဓိပ္ပါယ်
ရတယ်--လူရယ်လို့ဖြစ်လာရင် ကိုယ်လက်အင်္ဂါ
မပြည့်စုံဘဲ တစ်ခုခုချွတ်ယွင်းနေမယ်ဆိုရင်
လူကောင်းပကတိလို--လူရာမဝင်နိုင်ဘူး
မဟုတ်လား--

"ကာလဝိပတ္တိ" ဆိုတာကတော့
"ခေတ်ကာလ ဖောက်ပြန်ပျက်စီးခြင်း"
တရားဥပဒေမဲ့အုပ်ချုပ်ခြင်းခံနေရတဲ့ကာလ
ဆိုပါတော့

တရားဥပဒေမရှိတဲ့ကာလမှာ
လူသတ်ရင်လည်း ထောင်ကျမှာမဟုတ်ဘူး
ခိုးဆိုးတိုက်ခိုက်ရင်လည်း--သူကိုအရေးယူမယ့်
ဥပဒေမရှိဘူးဆိုတော့ ခေတ်ပျက်တယ်
ဆိုတာ--အဲဒါပဲပေါ့--

"ပယောဂဝိပတ္တိ" ဆိုတာ
"ကောင်းမှုပြုရန်အတွက် ဖောက်ပြန်ခြင်း"
ဒီတော့ မကောင်းမှုတွေချည်းပဲ လုပ်နေကြတော့
မှာမဟုတ်လား---

အဲဒီလို ဖောက်ပြန်ခြင်း
လေးမျိုးနဲ့လည်း မကြုံပါရစေနဲ့
လို့--"သြကာသ" မှာဆုတောင်း
ထားတာပေါ့--

"ဗျာသနတရား ငါးပါး"
ဆိုတာကတော့--"ပျက်စီးခြင်းငါးမျိုး"
လို့ပဲ နားလည်ထားကြပါ

ဗျာသနတရား (၅)ပါး
၁။ ဥာတိဗျသန
၂။ ဘောဂဗျသန
၃။ ရောဂဗျသန
၄။ သီလဗျသန
၅။ ဒိဋ္ဌိဗျသန

ဘာတွေပျက်စီးတာလဲ
ဆိုတော့--

၁။ ဥာတိဗျသန
၂။ ဘောဂဗျသန
၃။ ရောဂဗျသန
၄။ သီလဗျသန
၅။ ဒိဋ္ဌိဗျသန
ဆိုတဲ့--ဗျသန(၅)မျိုးပေါ့

http://www.dhammadownload.com

"ဥာတိဗျသန" ဆိုတာ "ဆွေမျိုးများ ပျက်စီးခြင်း" လို့ အဓိပ္ပါယ်ရတယ်

အကြောင်းအမျိုးမျိုးကြောင့် ဆွေမျိုးတွေ သေကြေပျက်စီးတာတွေ မဖြစ်ကြပါစေနဲ့--လို့ဆုတောင်း တာပဲပေါ့--

"ဘောဂဗျသန" ဆိုတာကတော့ "စည်းစိမ်ဥစ္စာတွေ ပျက်စီးခြင်း" ကို ပြောတာ အကြောင်းအမျိုးမျိုးကြောင့် ကိုယ့်ရဲ့စည်းစိမ်ဥစ္စာ ပစ္စည်းတွေ မပျက်စီး မဆုံးရှုံးရပါစေနဲ့ လို့ ဆုတောင်းတာပါ--

"ရောဂဗျသန" ဆိုတာက "အနာရောဂါတွေ နှိပ်စက်ခံရလို့ သေကြေ ပျက်စီးခြင်း" မဖြစ်ကြရပါစေနဲ့--လို့ ဆုတောင်းတာ--ပေါ့

"သီလ ဗျသန" ဆိုတာက "အကျင့် သီလ ပျက်စီးခြင်း" မဖြစ်ပါရစေနဲ့ ဆိုပြီး ဆုတောင်းတာပဲ--


"ဒိဋ္ဌဗျသန" ဆိုတာ "မှန်ကန်တဲ့ အယူ တွေပျက်စီးပြီး လွဲမှားတဲ့ အယူ ကို ယူခြင်း" ဆိုတဲ့ အဓိပ္ပါယ်--ပဲ

ကိုယ်က--ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံးအမ ကို ကျင့်သုံးခံယူတဲ့ မိဘက မွေးလာလို့ "ဗုဒ္ဓဘာသာ" ဖြစ်လာခဲ့ရပေမယ့် အကြောင်းအမျိုးမျိုးကြောင့် အခြား ဘာသာအယူကို ယုံကြည် လက်ခံလိုက်ရင် အဲဒါ "ဒိဋ္ဌဗျသန" ပဲ--

"ဗျသနတရား ငါးပါး" ထဲမှာ "သီလဗျသန" နဲ့ "ဒိဋ္ဌဗျသန" နှစ်မျိုးပျက်စီးခြင်းဟာ ဒီဘဝမှာပဲ--ပျက်စီးပြီး ဆင်းရဲစေတာမဟုတ်ဘဲ "သီလ" နဲ့ "အယူ" ပျက်စီးတာကြောင့် နောင်သံသရာဘဝများစွာထိအောင် ဆင်းရဲစေတတ်တဲ့သဘောရှိတယ်

ဒါကြောင့်--အဲဒီ "သီလဗျသန" နဲ့ "ဒိဋ္ဌဗျသန" နှစ်မျိုးစလုံးဟာ ပိုပြီး ကြောက်စရာကောင်းတယ်--ဒကာလေးရဲ့ ကဲ--ဒီတော့-- "ဗျသနတရား ငါးပါး" ဆိုတာ ဒကာလေးတို့ နားလည်လောက်ပါပြီ

http://www.dhammadownload.com



http://www.dhammadownload.com



သူတော်ကောင်းဓာတ် တရားမြတ် လွှမ်းပတ်ကမ္ဘာတည်ပါစေ
ပန်းချီ ရဲဘုန်
ဖုန်း ၀၉ ၅၀၆၀၁၀၇

http://www.dhammadownload.com

ရွှေမောင်

ဆေးရောင်စုံရုပ်ပြ

ဝမ္မရသုတရုပ်စုံ

လစဉ် ပုံမှန် ထွက်နေပါပြီ

စာကောင်းပေကောင်းဖတ်ကြပါ

"ညစ်ညမ်းစာပေ"များကို ရှောင်ကြဉ်ခြင်းသည် "အသေဝနာစ ဗာလာနံ မင်္ဂလာ" ဖြစ်ပြီး "စာကောင်းပေကောင်း"များကိုဖတ်ရှုခြင်းသည် "ပဏ္ဍိတာနဉ္စ သေဝနာ မင်္ဂလာ"ဖြစ်သည်။
"ဗာဟုသစ္စဉ္စ မင်္ဂလာ"နှင့်အညီ အကြားအမြင်များအောင် အကျင့်စာရိတ္တကောင်းအောင် "စာကောင်းပေကောင်း"များကို ဖတ်ရှုနိုင်ခြင်းသည် "လူတော်လူကောင်း"များမှာ ရှိရမည့် အရည်အချင်းကောင်း တစ်ခုဖြစ်၏။
"တရားစာပေများကိုဖတ်ရှုခြင်း"သည် (အသံတိတ်တရားနာခြင်းတစ်မျိုးဖြစ်၍) နိဗ္ဗာန် ရောက်ကြောင်း အရည်အချင်းကောင်းတစ်ခုဖြစ်၏။
"အတ္တသမ္မာ ပဏိဓိစ မင်္ဂလာ"နှင့်အညီ "မိမိခန္ဓာကိုယ်"နှင့် "စိတ်ဓာတ်"ကို ကျန်းမာကြံခိုင်စေလိုသူသည် "စာကောင်းပေကောင်း"များကို များများဖတ်ရှုရာ၏။

အရှင်ဝိစိတ္တသာရ(လေးဒဏ်စံ)

ဤစာမျက်နှာတွင် ကြော်ငြာထည့်လိုသူများ
အလိုတော်ပြည့်စာပေ
ဖုန်း ၀၉ ၅၀၆၀၁၀၇
၀၉ ၇၃၀၅၄၇၅၉ သို့ ဆက်သွယ်ပါရန်။

ရုပ်ပြပရိသတ်များသို့---

ကျွန်တော်တို့ မြန်မာနိုင်ငံမှ ရုပ်ပြစာအုပ်များသည် မြန်မာနိုင်ငံလူဦးရေနှင့် အချိုးမညီမျှလောက်အောင်ပင် စောင်ရေနည်းပါးကြပါသည်။ အရောင်းရဆုံးရုပ်ပြ၏ အမြင့်ဆုံးစောင်ရေမှာ အုပ်ရေ လေး-ငါးထောင်ထက် မပိုပါချေ။ ထို့ကြောင့် ရုပ်ပြစာအုပ်၏ အရည်အသွေးမှာ နိုင်ငံတကာနှင့်ယှဉ်ပါက အတော်ပင်နိမ့်ကျနေသေးကြောင်း တွေ့ရှိကြပါလိမ့်မည်။ သို့သော် မြန်မာရုပ်ပြပန်းချီဆရာတို့၏ အနေပညာလက်ရာ မှာ နိုင်ငံတကာအဆင့်ထက် မနိမ့်ကျပါ။ ရုပ်ပြစာအုပ်များ အရောင်းတွင်ကျယ်လှသည့် ဂျပန်၊ တောင်ကိုရီးယား စသည့်နိုင်ငံများမှပင် မြန်မာရုပ်ပြပန်းချီဆရာများနှင့် ရေးဆွဲဖို့ ဆက်သွယ်လာကြပါသည်။
တောင်ကိုရီးယား ရုပ်ပြထုတ်လုပ်သူ အချို့မြန်မာနိုင်ငံသို့လာရောက်လျှက် အလုပ်ရုံဖွင့်ကာ မြန်မာရုပ်ပြပန်းချီဆရာများနှင့် အလုပ်လုပ်နေကြသည်ကိုသိရှိရပါသည်။ ထိုနိုင်ငံများမှ ရုပ်ပြစောင်ရေကား စောင်ရေသိန်းချီကာ ရောင်းနေရသည်ဖြစ်၍ အားကျဖွယ်ရာဖြစ်ပါသည်။ သူတို့နိုင်ငံမှ ရုပ်ပြလက်ရာ၊ စာအုပ်၏ အရည်အသွေးမှာလည်း ဆေးရောင်စုံ၊ စက္ကူဖြူချော နှင့် ပုံနှိပ်ထားသည်ဖြစ်၍ ဖတ်ချင်စဖွယ် ဆွဲဆောင်မှုအပြည့်ရှိသည်ဟု ဆိုရပေလိမ့်မည်။
ထို့ကြောင့် မြန်မာ့ရုပ်ပြကို အဆင့်မြှင့်ဖို့အချိန်တန်ပြီဟု ကျွန်တော်ယူဆမိပါသည်။ သို့ပါ၍ ယခင်ကရုပ်ပြများကဲ့သို့ အဖြူအမည်း ရုပ်ပြမှ ဆေးရောင်စုံရုပ်ပြသို့ အရည်အသွေးမြှင့်ကာ ရေးဆွဲ ထုတ်ဝေလိုက်ရခြင်းဖြစ်ပါသည်။
မြန်မာ့ရုပ်ပြအရည်အသွေးမြှင့်တင်နိုင်မှုမှာ ပရိသတ်"အား"အပေါ်၌မူတည်လျှက်ရှိပါသည်။ ကျွန်တော် "ပန်းချီ ရဲမာန်"၏"ရွှေမောင်း"ဝမ္မရသ သုတရုပ်စုံမှ စတင်ကာ ဆေးရောင်စုံရုပ်ပြအဖြစ် ရေးဆွဲထုတ်ဝေလိုက်ပြီဖြစ်၍ ရုပ်ပြပရိသတ်များမှ အားပေးဖတ်ရှုတော်မူနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါကြောင်း။

အထူးအစီအစဉ်

ရွှေမောင်း ဝမ္မရသ သုတ ရုပ်စုံ ကို စာသင်ကျောင်းများ၊ ဘာသာရေးအသင်းအဖွဲများ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ မှ အလိုရှိပါလျှင် အထူးနှုန်းဖြင့် ဈေးနှုန်းလျှော့ကာ ရောင်းချပေးမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ စောင်ရေ(၁၀၀)နှင့် အထက်"ဝမ္မဒါန"ပြုလိုသူများအတွက် အလှူရှင်အမည် ကို ထည့်သွင်းပုံနှိပ်ပေးမည်ဖြစ်ပြီး ရန်ကုန်နှင့်အနီးတဝိုက်မှ မှာယူသူများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါမည်။ အနယ်နယ်အရပ်ရပ်မှ မှာယူလိုသူများကို စောင်ရေ (၁၀၀) အထက်မှာယူလျှင် ကြိုတင်ငွေပို့ စနစ်ဖြင့် မှာယူပါက စရိတ်ငြိမ်း ပို့ပေးပါမည်။
ငွေကြိုတင်ပို့ခြင်းအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဘဏ်(ရွှေဗဟိုပလာဇာ)တာမွေဘဏ်ခွဲသို့ လည်းကောင်း
ကမ္ဘောဇဘဏ်(တာမွေ မင်္ဂလာဈေး ဘဏ်ခွဲ)သို့လည်းကောင်း "ငွေလွှဲ" ပေးပို့ရမည်ဖြစ်ပြီး ငွေလွှဲပေးပို့ခြင်းအား "အလိုတော်ပြည့်စာပေ" ဒေါ်မြင့်မေ၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၄၂၁၅၅ ။ ဖုန်း ၀၉ ၇၃၀၅၄၇၅၉ ။ ၀၉ ၅၀၆၀၁၀၇ သို့ ဆက်သွယ်ပေးပို့စေလိုပါသည်။ အထူးသတိပြုရန်မှာ စာအုပ်မှာကြားသည့်အခါ ပေးပို့ရမည့်လိပ်စာ အပြည့်အစုံကို ဖော်ပြပေးရမည်ဖြစ်ပါသည်။

ပြည်လုံးကျွတ်ဖြန့်ချိရေး
အလိုတော်ပြည့် စာပေ
အမှတ်(၂၇)-၅၎၅၊ ၁၅၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉ ၅၀၆၀၁၀၇ ။ ၀၉ ၇၃၀၅၄၇၅၉ ။

■ စာမူခွင့်ပြုချက်အမှတ် ၃၀၀၁၉၁၀၅၁၁
■ ထုတ်ဝေသူ■ဦးဟန်စိန်၊ ကျိုက်လစဉ်၊ ၀၄၁ ၂၇၊ အခန်း(၄၀၁)၊ တိုက်(၂၆)၊ ၁၂ လမ်း(ဘီ)၊ ယုဇနဥယာဉ်အိမ်ရာ၊ ၄၉ရပ်ကွက်၊ ဒဂုံပြိုသစ်ဆိပ်ကမ်းပြိုနယ်၊ ရန်ကုန်မြို့။
■ အတွင်း နှင့် မျက်နှာဖုံး ပုံနှိပ်သူ■ခေါင်စီ(၀၁၄၀)မေဇ္ဈာမိုးပုံနှိပ်တိုက်၊ အမှတ် ၁၉ ၊ ဓေါ်ဖြူးရှင်လမ်း။ ဒဂုံပြိုသစ်ဆိပ်ကမ်းပြိုနယ်၊ ရန်ကုန်မြို့။
၂၀၁၁ ၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး (၅၀၀)ကျပ်။

■ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၀၀၂၀၆၀၅၁၁